The best manure

# The Best Manure.

လူထုတရပ်လုံးအတွက် စတေးခံ
အကောင်းဆုံးမြေသြဇာ

# အရေးပေါ် သတင်း ထုတ်ပြန်ချက်

ကျွန်ုပ်တို့ လူထုတရပ်လုံးအတွက် စတေးခံ့ အကောင်းဆုံးမြေသြဇာ အဖွဲ့မှ မြန်မာနိုင်ငံတဝန်းလုံး

နှင့်တကမ္ဘာလုံးသို့ အထူးသတင်း ထုတ်ပြန်ကြေငြာလိုက်သည်။

(၁) ကျွန်ုပ်တို့အဖွဲ့ဝင်များမှ လုံခြုံရေး တင်းကြပ်ထားသည့် ကြားမှ စည်းရုံး ကြိုးစားမှု့ဖြင့် အင်းစိန်ထောင်တွင်းလုံခြုံရေးအဖွဲ့များ၊ထောင်ဝါဒါမိသားစု

များ၊ နိုင်ငံရေးအကျဉ်းသားများနှင့်ရာဇဂတ် အကျဉ်းသားများ စသည်တို့ထံမှ ရရှိသော သတင်းများကို အခြေခံပြီး အရေးပေါ်တင်ပြခြင်းဖြစ်သည်။

(၂) အင်းစိန်ထောင်တွင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သတ်ပြီး နိုင်ငံရေး အကျဉ်းသားအချို့ အစာငတ်ခံတောင်းဆိုခဲ့ပြီးနောက် ဆက်လက်ပြီး ထောင်ဒါဏ်ချမှတ်ပါက နိုင်ငံရေးအကျဉ်းသားအားလုံး

နီးပါး တိုက်ပွဲဝင်ရန်စီစဉ်နေမှု့အား နအဖစစ်အာဏာရှင်များမှ သိရှိပေါက်ကြားသည်ဟု အရင်းခံပြီး ရာဇာဝတ်အကျဉ်းသားများနှင့်ထိတ်တိုက်တွေ့ဆုံ စေပြီး အဓိကရုဏ်းဖြစ်ရန်စီစဉ်နေပြီဖြစ်သည်။

(၃) အင်းစိန်ထောင်တွင်းအခြေအနေသည် ဒီပဲယင်းလုပ်ကြံမှု့အပြီး ဒုတိယအကြိမ်မြောက် နိုင်ငံတော်

လုပ်ကြံမှု့ကြီးအဖြစ် ဒေါ်အောင်ဆန်းစုကြည်အပေါ်တွင် ကြိုတင်စီစဉ်နေပြီဖြစ်ကြောင်း ကမ္ဘာနိုင်ငံအသီးသီးမှ မြန်မာ့အရေးအား စိတ်ဝင်စားသူများ၊ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းအသီးသီးတို့ ကြိုတင်သိရှိအောင် ကျွန်ုပ်တို့အထူးစိုးရိမ်စွာပြင်းပြင်းထန်ထန် အထူးသတိပေးပါသည်။ **(မစ္စတာ ယက်တော ၏ ထွက်ဆိုချက်ပေါ်တွင် ဒေါ်အောင်ဆန်းစုကြည် ၏ အသိအမှတ်ပြုမှု့ကို မမေ့ကြပါနှင့်)**

(၄) အင်းစိန်ထောင်တွင်းတွင် သမရိုးကျမဟုတ်သော ယုတ်မာပတ်စက်မှု့များ ကြံစည်နေမှု့များ

တွေ့ရှိနေရပါသည်။

(က) ထောင်လုန့်ခြင်း ( ဝါဒါများ စုရုံးချီတက်ခြင်း ၊ သံချောင်းခေါက်ခြင်း ၊အော်ဟစ်ခြင်း)

(ခ) နိုင်ငံရေးအကျဉ်းသားများနှင့်ရာဇဝတ် အကျဉ်းသားလူမိုက်များအဆောင်နှင့်တိုက်များတွင်

အနီးကပ် ရောနှောထားခြင်း။

(ဂ) ငွေပေးပြီး ရဲဘက်ထွက်ရန် စီစဉ်ပြီးသူ (ဘောင်ချာ) များကို ရဲဘက်ထုတ်ရန် စီစဉ်ပြီးမှ မ

ထုတ်တော့ပဲ နိုင်ငံရေးအကျဉ်းသမားများကို ဦးချိုးနိုပ်ကွပ်နိုင်သူအား လျှော့ရက်ပေးမည်၊ လွှတ်ပေးမည်၊ရဲဘက်စခန်း(ဝက်စခန်း)များအား ပို့ပေးမည်ဟု စည်းရုံးခြင်း၊

(ဃ) ရဲဘက်စခန်းများမှ နံမည်ကျော် လူသတ်လူဆိုးလူမိုက်များအား အင်းစိန်ထောင်တွင်းသို့ ခေါ်ဆောင်ထားခြင်း။

(င) အင်းစိန်ထောင်တွင်း ဆေးရုံနှင့် အထူးတိုက်ဂန်းတွင်းရှိ လုံးချင်း အိမ်များ၊စစ်ကြောရေး နှစ်ခန်းတွဲ အခန်းကျယ် တိုက်ခန်းရှည် (၁၀) ခန်းတွဲ များအား ရှင်းလင်းထားခြင်း

(စ) စိုးရိမ်ဖွယ် အခြေအနေများမှ သီးခြားအခြေအနေတခုမှာ ထောင်အာဏာပိုင်များမှ တာဝန် ပေးခြင်းမခံရသော ရာဇဝင် လူဆိုးထောင်အခန်းလူကြီး၊ တန်းစီး၊ဘာရာ၊ဘုတ်ကိုင်၊၁၂မှတ် စသည်တို့သည် (ချွတ်) ဟုခေါ်သော သံချွန်များ စုဆောင်း သိမ်းဆည်းနေခြင်း

(ဆ) စစ်ခွေးတိုက် (၁၀) ခန်းတွဲတွင် လက်ရှိ ထောင်အတွင်း ပြစ်ဒါဏ် ကျနေသူ ဦးနိုင်းနိုင်းအပါ အဝင် (၁၅) ယောက်အား အခန်း(၁၊၂၊၃) တွင် ပိတ်ပြီး သီးခြားကာထားကာ ကျန်(၇)ခန်း တွင် တက်ကြွ ပြင်းထန်သူဟု ထောင်မှ ယူဆသူဂေါ်နိုက်များအား ပြောင်းရွှေ့ထားခြင်း၊ သီးသန့်(တွဲဘက်)ထောင်သို့ပြောင်းရွှေနေခြင်း(ဂေါ်နိုက်=ထောင်တွင်းအခေါ် နိုင်ငံရေးအ ကျဉ်းသား)

(ဇ) ညှော်တွေ့ ထောင်ဝင်စာ ပစ္စည်းများတွင် တရားမဝင်သော ပစ္စည်းများ သွင်းထားသည်၊ ဖမ်းဆီးရမိသည်၊သွင်းရန်ကြံစည် နေသည် စသည်ဖြင့် သတင်းများ လွှင့်ထားခြင်း။

စသော သတင်းထုတ်ပြန်လို့ ရသမျှကို ကျွန်ုပ်တို့အဖွဲ့မှ အသိပေးလိုက်ပါသည်။သီးခြားလို့ဝှက် သော ကျန်ရှိနေသည့် သတင်းအချက်အလက်များနှင့်ပတ်သတ်ပြီး ကျွန်ုပ်တို့အဖွဲ့သည် ကျွမ်းကျင်သော နိုင်ငံရေး ဝါရင့်လူကြီးများ၊နိုင်ငံရေးအကျဉ်းသားဟောင်းကြီးများ၊သံဃာတော်များ၊ ၆၂ မျိုးဆက်၊မိုင်းသန့်ဖွန် မျိုးဆက်၊၈၈ မျိုးဆက်များနှင့် ညှိနှိုင်းဆွေးနွေးလျှက်ရှိပါကြောင်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အရေးပေါ် သတင်းထုတ်ပြန်ကြေငြာလိုက်သည်။

မည်သည့် စစ်အာဏာရှင်မှ လူထုကို မအုပ်ချုပ်စေရ။

The best manure

လူထုတရပ်လုံးအတွက် စတေးခံ အကောင်းဆုံးမြေဩဇာ